# ထိန်ငူကျေးရွာအုပ်စု၊ကျုံပဒီကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း







## မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအခြေအနေ

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယား

## ၁။ တည်နေရာနှင့် ပထဝီအခြေအနေ

ကျုံပဒီကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ် ထိန်ငူကျေးရွာ အုပ်စုတွင်တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိသော်လည်း မိုးတွင်းကာလရေ ကြီးချိန်တွင် မြေနိမ့်ဒေသဖြစ်သောကြောင့် ကျေးရွာအနိမ့်ပိုင်းလယ်ကွင်းများ ရေးလွှမ်းမိုးမှုခံရ တတ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ (၈၀) ခန့်ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါးပင်၊ ညောင်ပင်၊ ကုက္ကိုပင်၊ သရက်ပင်၊ ငှက်ပျောပင်နှင့် ပစ်မပင်တို့ ပေါက်ရောက်သည်။ မိုးစပါးစိုက်ပျိုးနိုင်သော လယ် (၃၈၆) ဧက၊ နှစ်ရှည်သီးနှံပင် (ဝါး၊ သရက်) စိုက်ပျိုးနိုင်သော ဥယျာဉ်မြေ (၄) ဧက ရှိသည်။ ဆောင်းသီးနှံများစိုက်ပျိုးရာတွင် ကျေးရွာအနီးရှိ ရေနုတ်မြောင်းများ၊ ချောင်းများမှ ရေကိုအသုံးပြု ပြီး ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နိုင်သည်။ တပေါင်း၊ တန်ခူးလများတွင် နွေစပါးအ တွက် ရေကိုလုံလောက်စွာမရရှိခြင်း ဖြစ်တတ်ပါသည်။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်

ကျေးရွာအတွင်းတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ဆိုင်သော ကျေးရွာဖွံ့ဖြိုးရေးလူထု အခြေပြုအဖွဲ့၊ ကျေးရွာအခြေပြုလူမှုဖွံ့ဖြိုးရေး (CBO)အဖွဲ့ ၊ ကျန်းမာရေးကော်မတီအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ အရန် မီးသတ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကိုယ့်အားကိုယ်ကိုး ငွေစု ငွေချေးအဖွဲ့၊ ဖွဲ့မာန်ဝင့်လူငယ်အဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ မိခင်နှင့်ကလေး စောင့် ရှောက်ရေးအဖွဲ့တို့ ဖြစ်ပါသည်။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည် ဆောင်ရွက်မှုအားနည်းကြောင်း တွေ့ရှိရ ပါသည်။ ကျေးရွာလူငယ်မီးသတ်အဖွဲ့သည် နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ပါသည်။ ကျေးရွာတွင် ဖွဲ့မာန်ဝင့်လူငယ်အဖွဲ့သည် လူမှုရေးကိစ္စကြီးငယ်ပေါ်

ပေါက်လျှင် ရွာသားများစည်းလုံးညီညွတ်စွာဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။ ပြင်ပမှအသေးစားချေးငွေအဖွဲ့များနှင့် အစိုးရမဟုတ်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့်ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့ဖြစ်သည်။ ကျေးရွာအခြေပြုလူမှုဖွံ့ဖြိုးရေး (CBO) အဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အားကောင်းကြ ပြီး ကျေးရွာဖွံ့ဖြိုးရေးကိုစီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်သည့် အဖွဲ့ အစည်းဖြစ်ပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် နှစ်စဉ်မိုးစပါးစိုက်ပျိုးနိုင်ကြပါသည်။ ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ မတ်ပဲ ဖြစ်ပါသည်။ ကျေးရွာတွင် မိုးစပါးစိုက်ပျိုးမြေ (၃၈၆) ဧက၊ ဥယျာဉ်ခြံစိုက်ပျိုးနိုင်သောမြေ (၄) ဧကရှိပြီး မိုးစပါးစိုက်ပျိုးပြီးလယ်ကွက်များပေါ်တွင် မတ်ပဲနှင့်နွေစပါးကိုလည်း သီးထပ် အဖြစ် စိုက်ပျိုးကြပါသည်။ နှစ်စဉ်ကျုံ့ပဒီကျေးရွာမှာ မိုးစပါးတင်းရေ (၂၃၁၆၀)တင်း၊ မတ်ပဲ တင်းရေ (၁၄၀) တင်း၊ နွေစပါးတင်းရေ (၁၀၀၀၀) တင်းခန့်ထွက်ရှိသည်။ ရေနုတ်မြောင်း၊ ချောင်းရေဖြင့် နွေစပါးစိုက်ပျိုးရာတွင် ကြဲပတ်စနစ်ဖြင့်စိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာလတွင် စတင်စိုက်ပျိုးကြသည်။ နွေစပါးအထွက်နှုန်းမှာ (၁) ဧကလျှင် တင်း (၁၀၀) ဖြစ်၍ သီးထပ်ရင်စပါးမျိုးကိုအသုံးပြုစိုက်ပျိုးကြသည်။ မိုးစပါးကို ဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုးလေ့ရှိပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ မိုးစပါးအထွက်နှုန်းမှာ (၁) ဧကလျှင်ပျမ်းမျှ (၆၀) တင်း ထွက်ရှိသည်။ စပါး၊ မတ်ပဲ၊ ငရုပ်စသည်တို့ ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှု နည်းပါးပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော ဖော်ပြပါသီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှု မှ ဝင်ငွေနည်းသည့်အတွက်လူငယ်များသည် ပြင်ပသို့ထွက်၍ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါးလာပါသည်။

ရေနုတ်မြောင်းနှင့် ချောင်းများမှရေသည် သီးထပ်စိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပြီး သီးနှံထုတ်ကုန်များအတွက် ဈေးကွက်အချိတ်အဆက်နှင့် ရောင်းချရေးစနစ်များ ဖွံ့ဖြိုးရေးအတွက်ကျေးရွာလူထုကစွမ်းဆောင်နိုင်ခြင်းမရှိပါ။ အခြားသားငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှအိမ်ထောင်စုများသည် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ကိုင်မှုအလွန်နည်းပါးသည်။ ကျေးရွာလယ်ယာပိုင်ဆိုင်မှု အိမ်ထောင်စုဦးရေ (၅၂%) နှင့် လယ်ယာမဲ့အိမ်ထောင်စုဦးရေမှာ (၄၈%) လောက်ရှိပါသည်။

## (ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် ကွန်ကရစ်အခင်းအမိုးပါ ရေတွင်း (၆) တွင်းကို World Vision ကဆောက်လုပ်ပေးထားပါသည်။ ကျေးရွာတွင်အိမ်ထောင်စု (၂၆%) ခန့်သည် ကိုယ်ပိုင်အဝီစိတုံကင်များသုံးစွဲနိုင်ကြသည်။ကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျုံပဒီကျေး ရွာနှင့် (၁)မိုင်ခန့်ဝေးသော အခြားကျေးရွာအုပ်စုမှကျေးရွာခွဲ တာကုန်းကျေးလက်ကျန်းမာရေးဌာနခွဲတွင် သွားရောက်ပြသရပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁) ဧကလျှင် (၁၅၀၀၀၀/-) ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။ အခြားအသေးစားချေးငွေဝန်ဆောင်မှုများလည်း ရရှိနိုင်ပါသည်။World Vision သည် လယ်သမားများ၏ လယ်ယာလုပ်ငန်းအတွက် ရင်းနှီးမတည် ငွေအနည်းဆုံး (၃၅၀၀၀၀/-) မှ အများဆုံး (၈၀၀၀၀၀/-) ကျပ်အထိ ထုတ်ချေးပါသည်။

တောင်သူလယ်သမားများသာမကဘဲ အခြားအသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်ရန်အတွက် Pack Myanmar နှင့် မြကျွန်းသာချေးငွေဝန်ဆောင်မှုအဖွဲ့သည် တစ်နိုင်တစ်ပိုင်မွေးမြူရေးနှင့် အရောင်းအဝယ်အတွက် (၁) ဦးလျှင် (၃၀၀၀၀၀/-) ကျပ်အထိ ထုတ်ချေးပေးပါသည်။

## (င) ပညာရေး

ကျေးရွာ၏ပညာရေး အဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါ သည်။ ရွာသားအများစုသည် အခြေခံစာရေးစာဖတ်တတ်ရန်အတွက်ကိုသာ တတ်မြောက်ကြပြီးတက္ကသိုလ်ပညာရပ်များဆက်လက်သင်ကြားနေသူများနှင့်ဘွဲ့ရများလည်းအနည်းအကျဉ်းသာရှိပါသည်။ ကျေးရွာအတွင်းတွင် အခြေခံပညာမူလတန်းကျောင်းရှိပြီး အလယ်တန်း၊ အထက်တန်းပညာကိုနီးသော အိမ်မဲမြို့ပေါ်တွင်သွားရောက်ပြီး ပညာသင်ကြားရပါသည်။

အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများအတွက် စိတ်ပါဝင်စားမှုအားနည်းသောကြောင့် လူငယ်များအသက်မွေးဝမ်းကျောင်းပညာနိမ့်ကျဆဲဖြစ်ပြီး ၎င်းအတွက်ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

## (စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည်အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှုနည်းပါးပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များသွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါကူးစက်ခံရလေ့ရှိပါသည်။စပါး၊မတ်ပဲစိုက်ပျိုးချိန်တွင် အလုပ်အကိုင်အထိုက်အလျောက်အဆင်ပြေခြင်း၊ မိသားစုများ ဝမ်းစာအတွက်နေ့စဉ်ဝင်ငွေအသင့်အတင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ရှိ ကလေးများသည်လုံလောက်သောအာဟာရဓါတ်အတွက် သင့်တင့်သောအစားအစာများကိုသာစားသုံးနေကြရပါသည်။

အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့် (၁) မိုင်ခန့်ဝေး သောတာကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ရရှိပါသည်။ ဆေးပေးခန်း တွင် ကျန်းမာရေးဝန်ထမ်း (၂) ဦးရှိပြီး အခြေခံကျန်းမာရေးစောင့်ရှောက်ခြင်း ဝန်ဆောင်မှုများရရှိကြသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးထိုးခြင်း၊ တိုက်ကျွေးခြင်းစသောအစီအစဉ်ကောင်းများကို ကျန်းမာရေးဌာနမှနှစ်စဉ်ဆောင်ရွက်ပေးပါသည်။


**(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒကွန်ပေါင်းမြေသြဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေသြဇာများနှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရပါသည်။ ဆောင်းသီးနှံ၊ မတ်ပဲ၊ ပဲတီစိမ်းစိုက်ခင်းများတွင် ပိုးသတ်ဆေးများအသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုရှိနေပြီး ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေးအတွက် ဘေးကင်းလုံခြုံမှုရှိရန်လမ်းညွှန်ချက်များကိုလိုက်နာဆောင်ရွက်ခြင်းတွင် အားနည်းသေးကြောင်း တွေ့ရှိရပါသည်။

**(စ) ကျား-မရေးရာ**

ကျား-မဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများကဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများနှင့်အချိန်ကုန်နေကြပြီး ကျေးရွာအတွင်းရှိအမျိုးသမီးများသည် ဆောင်းသီးနှံဖြစ်သော ငရုတ်စိုက်ချိန်တွင် ငရုတ်သီးခူးခြင်းစသော လုပ်ငန်းများကိုလည်းလုပ်ကိုင်ကြသည်။ ကျေးရွာအတွင်းရှိ ဘာသာရေးနှင့် သာရေးနာရေးကိစ္စရပ်များတွင် ဝိုင်းဝန်းပြီးကူညီချက်ပြုတ်ပေးခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီခြင်းစသောကိစ္စများကို ဆောင်ရွက် ကြသည်။ လယ်ယာခွင်တွင်အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိ ကြပြီး ကျုံပဒီကျေးရွာရှိ အချို့အိမ်ထောင်စုမှာ စီးပွားရေး အဆင်မပြေမှုကြောင့် အမျိုးသား၊ အမျိုးသမီးနှစ်ဦးစလုံး နေ့ကောက်အလုပ်ထွက်လုပ်ရပါ သည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍနည်းပါးသေးကြောင်း တွေ့ရ သည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျား-မတန်းတူ အခွင့် အရေး ရှိပါသည်။

ကျုံပဒီ ကျေးရွာ သယံဇာတ ပြမြေပုံ





ရေးဆွဲသူ - မင်းဇေဝိုး

ကျုံပြဒီ ကျေးရွာ ရာသီပြဇယားပုံ

| အကြောင်းအရာ | တန်ခူးလ | ကဆုန်လ | နယုန်လ | ဝါဆိုလ | ဝါခေါင်လ | တော်သလင်းလ | သီတင်းကျွတ်လ | တန်ဆောင်မုန်းလ | နတ်တော်လ | ပြာသိုလ | တပို့တွဲလ | တပေါင်းလ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပျော်ပွဲရွှင်ပွဲ | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | | ဝါဆိုသင်္ကန်းကပ် | | | မီးထွန်းပွဲ | ကထိန်ပွဲ | | ကရင်နှစ်သစ်ကူးပွဲ | ထမနဲပွဲ | ပဌာန်းပွဲ |
| မိုးစပါး | | | ကြဲ၊ စိုက် | ကြဲ၊ စိုက် | | | | ရိတ် | ရိတ် | | | |
| ဆောင်းစပါး | ရိတ် | | | | | | | | ကြဲ | ကြဲ | | ရိတ် |
| ပဲအမျိုးမျိုး | | | | | | | ကြဲ | ကြဲ | | | နုတ်ခြွေ | နုတ်ခြွေ |
| အလုပ်အကိုင် | | | | | ရေပေါ် ရေလျှံ ငါးရှာ | ရေပေါ် ရေလျှံ ငါးရှာ | | | | နုတ်ခြွေ | နုတ်ခြွေ | စပါးရိတ် |
| ရေရရှိမှု | နည်း | | | | | | | | | | | နည်း |
| ကျန်းမာရေး | | သွေးလွန် တုပ်ကွေး | သွေးလွန် တုပ်ကွေး | | | | ရာသီပြောင်း တုပ်ကွေး | | | | | |
| ဝင်ငွေ ထွက်ငွေ | ကောင်း | | | | | | ကောင်း | ကောင်း | | | | ကောင်း |
| သဘာဝဘေးအန္တရာယ် | | | | | ရေကြီး | ရေကြီး | | | | အချိန်အခါ မဟုတ် မိုးရွာ | | |
| ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး | | သွေးလွန် တုပ်ကွေး | သွေးလွန် တုပ်ကွေး | | | | | | | | | |

ကျုံပင်ဒိ ကျေးရွာ အတွင်းရှိ အဖွဲ့များ၏ ဂိတ်ဘက် ဖွဲ့စည်းပုံ



## ဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စီမံအုပ်ချုပ်မှုစနစ်** | | | | | |
| | • အဖွဲ့အစည်းဆိုင်ရာသဘောတရားရေးရာများအားနည်းခြင်း | • အဖွဲ့အစည်းများရှိသော်လည်းတစ်ဖွဲ့နှင့်တစ်ဖွဲ့မှဦးဆောင်ဆောင်ရွက်နိုင်မှုမရှိခြင်း | • အဖွဲ့အစည်းများစွာရှိခြင်း၊ ဖွံ့ဖြိုးရေးအတွက်စိတ်ပါဝင်စားမှုအနည်းငယ်ရှိခြင်း | • ဦးဆောင်ဆောင်ရွက်မည့်အဖွဲ့တွင်ထောက်ပံ့မှုများလိုအပ်နေခြင်း<br>• စနစ်တကျအဖွဲ့အစည်းကောင်းများမရှိခြင်း | • စနစ်တကျတာဝန်ယူဦးဆောင်ဆောင်ရွက်မည့်အဖွဲ့အစည်းများလိုအပ်ခြင်း<br>• ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ စုပေါင်းညှိနှိုင်းဆောင်ရွက်မှုစနစ်များပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း | • ကျေးရွာအဖွဲ့အစည်းများအတွက်ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ခြင်းသင်တန်းများဖွင့်လှစ်ပေးခြင်း |
| ၂ | **စိုက်ပျိုးရေး (သီးနှံ)** | | | | | |
| | • ရေနုတ်မြောင်းကောခြင်း | • နွေအခါရေမလုံလောက်၍သီးနှံများမဖြစ်ထွန်းခြင်း<br>• ရေစီးရေလာမကောင်းသောကြောင့်သီးနှံများပျက်စီးဆုံးရှုံးခြင်း | • ကျေးရွာသူ/သားများမှစည်းလုံးညီညွတ်ကာလုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း<br>• စိုက်ပျိုးရလွယ်ကူပြီးသီးနှံများအထွက်နှုန်းကောင်းမွန်မှုကြောင့်စီး | • လူအင်အားနှင့်မတူးဖော်နိုင်ခြင်း<br>• စက်ကိရိယာများရှိသော်လည်းငွေကြေးအင်အားမတတ်နိုင်ခြင်း | • သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာသူ/သားများမှပူးပေါင်းဆောင်ရွက်ခြင်း | • ရေနုတ်မြောင်းအနက်နှိုက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | ပွားရေးတိုးတက်လာနိုင်ခြင်း | | | |

**ဖွံ့ဖြိုးရေးကွင်းဆက်**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ** | | | | | |
| | • နည်းပညာနှင့်ဆိုင်သောဝင်ငွေရလုပ်ငန်းများမလုပ်နိုင်ခြင်း | • နည်းပညာလက်လှမ်း မမီခြင်း | • စိတ်ပါဝင်စားသည့်လူငယ်များရှိခြင်း<br>• ဌာနမှဖွင့်လှစ်မည့်အသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်နိုင်ပါကဝင်ငွေတိုးပွားလာနိုင်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်နိုင်ခြင်း | • မြို့နှင့်နီးသော်လည်းသင်တန်းများတက်ရောက်ရန်အချိန်မပေးနိုင်ခြင်း၊ကုန်ကျစရိတ်မတတ်နိုင်ခြင်း | • ကျေးလက်ဦးစီးဌာနမှဖွင့်လှစ်မည့် အသက်မွေးဝမ်းကျောင်းသင်တန်းများသို့တက်ရောက်နိုင်ခြင်း | • ဌာနမှဖွင့်လှစ်သောအသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်နိုင်ရန်ကျေးရွာ လူထုအားချပြရှင်းလင်း ဆွေးနွေးသွားရန် |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၄ | **ပညာရေး** | | | | | |
| | • မူလွန်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်လိုအပ်ခြင်း | • ပညာရေးတွင်အခက်အခဲရှိခြင်း<br>• လက်ရှိကျောင်းဟောင်းမှာနှစ်ကြာမြင့်၍ပျက်ယွင်းနေခြင်း<br>• ကျောင်းသားဦးရေနှင့်ကျောင်းဆောင်မလုံလောက်ခြင်း | • ကျေးရွာမှမြေနေရာရှိခြင်း<br>• လူအင်အားပါဝင်မှုရှိခြင်း<br>• ကျောင်းသားမိဘဆရာများစည်းလုံးမှုရှိခြင်း | • ငွေကြေးပြည့်စုံမှုမရှိခြင်း | • ပြင်ပအဖွဲ့အစည်းများ၊ အလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • (၆၀'×၃၀') ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း |

## ဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | **လမ်း၊ လျှပ်စစ်** | | | | | |
| | • ကျေးရွာချင်းဆက် လမ်းသွားလာရခက်ခဲခြင်း | • မိုးတွင်းကာလတွင် ကျောင်းသား/သူများ အတွက်သွားလာရခက် ခဲခြင်း<br>• အရေးပေါ်ကျန်းမာရေး ကိစ္စရပ်များတွင်လည်း သွားလာရခက်ခဲခြင်း<br>• ကုန်စည်များသယ်ယူပို့ ဆောင်ရာတွင်အခက် အခဲရှိခြင်း | • လူငယ်များမှလည်း စိတ်အားထက်သန်စွာ ပါဝင်နိုင်ခြင်း<br>• သင့်တင့်လျောက်ပတ် သောငွေကြေးထည့်ဝင် နိုင်ခြင်း<br>• မြေသားလမ်းအမာခံရှိ ခြင်း | • စီးပွားရေးလုပ်ငန်း အကျပ်အတည်းရှိမှု ကြောင့်ငွေကြေးအင် အားမပြည့်စုံခြင်း<br>• မိုးတွင်းအခါသွား လာရခက်ခဲသော် လည်းလမ်းပိုင်းအား ပြုပြင်ရန်အလုပ်ထဲ တွင်အချိန်ကုန်နေ ခြင်း | • လမ်းပိုင်းပြုပြင်ရန်အ တွက်ဦးဆောင်ဆောင် ရွက်မည့်သူများအား စည်းရုံးခြင်း<br>• သက်ဆိုင်ရာဦးစီးဌာန နှင့်ချိတ်ဆက်၍ကျေး ရွာရှိအဖွဲ့မှပူးပေါင်း ဆောင်ရွက် ခြင်း | • (၂၀၀၀ ’×၆’ ×၆”) ကျောက်ချော လမ်း ခင်းခြင်း |
| | • ကျေးရွာတွင်းလမ်း မကောင်းခြင်း | • မိုးအခါရေကြီးသော ကြောင့်လမ်းများမကြာ ခဏပျက်စီးခြင်း<br>• ရွာတွင်းလမ်းပြန်လည် ပြုပြင်ရသည့်အတွက် လမ်းဘေးချောက်များ ဖြစ်ပေါ်ကာကလေးသူ ငယ်များအတွက်အန္တ ရာယ်ဖြစ်နိုင်ခြင်း | • ကျေးရွာသူ/သားများပူး ပေါင်းနိုင်ခြင်း၊မြေသား လမ်းအမာခံရှိခြင်း | • စီးပွားရေးအကောင်း ၍ငွေကြေးမတတ် နိုင်သောကြောင့်ပိုမို ကောင်းမွန်သော ကျေးရွာတွင်းလမ်းမ ပြလုပ်နိုင်ခြင်း<br>• ကျေးရွာတွင်ဦးစီးဦး ဆောင်ဆောင်ရွက် မည့်သူမရှိခြင်း | • ပူးပေါင်းဆောင်ရွက်မှု ရှိသော်လည်းဦးစီးဦး ဆောင်ရွက်မည့်သူလို အပ်နေခြင်း<br>• အလှူရှင်များ၊ပြင်ပအ ဖွဲ့အစည်းများနှင့်ချိတ် ဆက်ဆောင်ရွက်ခြင်း | • (၁၃၀၀×၈ ’× ၆”)ကျောက် ချောလမ်း ခင်းခြင်း |

## ဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • လျှပ်စစ်မီးမရှိခြင်း | • ကျောင်းသား/သူများ ပညာရေးနှင့်အသိပညာ တိုးပွားစေရန် ညစာ ဖတ်ဝိုင်းများအတွက်လုံ လောက်သောမီးအလင်း ရောင်ရရှိရန်လျှပ်စစ်မီး လိုအပ်ခြင်း<br>• ကျောင်းသူ/သားများ စာပေလေ့လာရန်အခက် အခဲရှိခြင်း | • အိမ်ထောင်စုတစ်စုတွင် ထင်းလောင်စာအစား လျှပ်စစ်မီးရရှိပါကအိမ် ထောင်ရှင်အမျိုးသမီး များအတွက်အလုပ်ချိန် ပိုမိုအခွင့်အလမ်းရရှိ လာခြင်း<br>• လုံလောက်သောမြေနေ ရာပေးနိုင်ခြင်း | • အခြားအသက်မွေး ဝမ်းကျောင်းလုပ်ငန်း များလုပ်ကိုင်ချင် သော်လည်းလျှပ်စစ် မီးမရရှိ ခြင်း<br>• ထင်းလောင်စာဖိုး သက်သာပြီးအပိုငွေ များထွက်လာနိုင် ခြင်း | • အလှူရှင်များ၊ပြင်ပအ ဖွဲ့အစည်းများနှင့် ချိတ် ဆက်ဆောင်ရွက်ခြင်း<br>• သက်ဆိုင်ရာဦးစီးဌာန နှင့်ချိတ်ဆက်၍ဆောင် ရွက်ရန် | • လျှပ်စစ်မီးသွ ယ်တန်း ခြင်း |

## ကျုံပဒီကျေးရွာမှ အဆိုပြုသော စီမံချက်များအတွက် ဦးစားပေး အမှတ်ပေးဇယား

| စဉ် | စီမံချက်လုပ်ငန်းအမည် | အကဲဖြတ်အမှတ်ပေးသူ (၁) | အကဲဖြတ်အမှတ်ပေးသူ (၂) | အကဲဖြတ်အမှတ်ပေးသူ (၃) | အကဲဖြတ်အမှတ်ပေးသူ (၄) | အကဲဖြတ်အမှတ်ပေးသူ (၅) | အကဲဖြတ်အမှတ်ပေးသူ (၆) | အကဲဖြတ်အမှတ်ပေးသူ (၇) | အကဲဖြတ်အမှတ်ပေးသူ (၈) | အကဲဖြတ်အမှတ်ပေးသူ (၉) | အကဲဖြတ်အမှတ်ပေးသူ (၁၀) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | (၂၀၀၀'×၆'×၆") ကျေးရွာချင်းဆက်လမ်းကျောက်ချောလမ်းခင်းခြင်း | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၂ | မဟာဓါတ်အားလိုင်းသွယ်တန်းခြင်း | ၁၀ | ၁၀ | ၁၀ | ၁ | ၁၀ | ၁၀ | ၁၀ | ၈ | ၆ | ၈ | ၈၃ | ၅ |
| ၃ | အသက်မွေးဝမ်းကျောင်းသင်တန်း | ၅ | ၁၀ | ၁၀ | ၁ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၆ | ၅ | ၇၇ | ၆ |
| ၄ | မူလွန်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၁၀ | ၁၀ | ၁၀ | ၁ | ၁၀ | ၁၀ | ၁၀ | ၈ | ၇ | ၁၀ | ၈၆ | ၄ |
| ၅ | ရေနုတ်မြောင်းအနက်နှိုက်ခြင်း | ၁၀ | ၁၀ | ၁၀ | ၁ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၆ | ၈၇ | ၃ |
| ၆ | (၁၃၀၀'×၈'×၆") ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်း | ၁၀ | ၁၀ | ၁၀ | ၁ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၈ | ၁၀ | ၈၉ | ၂ |

**ဦးစားပေးစီမံချက်များအား ရွေးချယ်ခြင်း**

**အိမ်မဲမြို့နယ်၊ ထိန်ငူကျေးရွာအုပ်စု၊ ကျုံပဒီကျေးရွာ**

**ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မည့် အချိန်ကာလဇယား**

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ရမှတ် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|---|
| ၁ | (၂၀၀၀'×၆'×၆") ကျေးရွာချင်းဆက်လမ်းကျောက်ချောခင်းခြင်း | ၁ | ၁၀၀ | - | | | | |
| ၂ | (၁၃၀၀'×၈'×၆") ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်း | ၂ | ၈၉ | | - | | | |
| ၃ | ရေနုတ်မြောင်းအနက်ရှိုက်ခြင်း | ၃ | ၈၇ | | | - | | |
| ၄ | မူလွန်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၄ | ၈၆ | | | | - | |
| ၅ | မဟာဓါတ်အားလိုင်း | ၅ | ၈၃ | | | | | - |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအားသုံးသပ်ရန် အထောက်အကူပြုဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၄ | ၇ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၁ | ၁၀ | ၂၁ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၀ | ၄၂ | ၆၂ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၉ | ၃၀ | ၆၉ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၁ | ၁၉၈ | ၃၈၉ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၁ | ၁၇ | ၂၈ |
| **စုစုပေါင်း** | | **၂၇၅** | **၃၀၁** | **၅၇၆** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၁၄၀** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျုံပဒီကျေးရွာတွင် ကျား (၂၇၅) ဦး၊ မ (၃၀၁) ဦး၊ စုစုပေါင်း (၅၇၆) ဦးရှိကြောင်း၊ အလုပ်လုပ်ကိုင်သူဦးရေမှာ (၅၀%) ရှိပြီး အမျိုးသမီးများမှာအလုပ်လုပ်ကိုင်မှု နည်းပါးသည့်အတွက် အလုပ်လုပ်ကိုင်ဖန်တီးပေးပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါသည်။

### (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| **မြေအမျိုးအစား** | **ဧရိယာ(ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၈၆ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၄ | ကောင်း ☐ သင့် ☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ(ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ခနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၃၉၀** | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊
မှတ်ချက်။ ။ ရေရှိသည့်အရင်းအမြစ်အမျိုးအစား - ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ
**လေ့လာတွေ့ရှိချက် (အခက်အခဲ၊ စိန်ခေါ်မှုနှင့်အခြား)။** ။ ကျေးရွာတွင် ယာမြေ၊ တောင်ယာမြေမရှိခြင်း၊ ခနိမြေမရှိခြင်းစသည့်အချက်များကိုလေ့လာတွေ့ရှိရပါသည်။ ၎င်းအပြင် မြေလွတ်၊ မြေလပ်များ မရှိသည်ကို တွေ့ရှိရပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဖက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☐ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ **လေ့လာတွေ့ရှိချက် (အခက်အခဲ၊ စိန်ခေါ်မှုနှင့်အခြား)** ။ ။ ကျုံပဒီကျေးရွာတွင် သဘာဝဆေးဘက်ဝင် အပင်များအနေဖြင့် ဆင်တုံးမနွယ်၊ ဒန့်ဒလွန်၊ ကုန်းဇော်ဒါ၊ ရဲယိုရွက်စသည့် ဆေးဘက်ဝင်အပင်များပေါက်ရောက်ပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ငွေစုငွေချေး အဖွဲ့ | ၁☑ ၂ ☐ ၃ ☐ | ၁၀ | ၄၄ | ၅၄ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ |
| ၂ | လူငယ်အဖွဲ့ | ၁☐ ၂☑ ၃ ☐ | ၂၀ | ၃၀ | ၅၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊<br>လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ |
| ၃ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၄ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၅ | | ၁▢ ၂▢ ၃▢ | | | | ပညာရေး ▢ ငွေကြေး ▢<br>ကျန်းမာရေး ▢ ဘာသာရေး ▢<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး▢<br>လုံခြုံရေးနှင့်ကာကွယ်ရေး ▢ | ကောင်း ▢<br>သင့် ▢<br>ညံ့ ▢ |
| ၆ | | ၁▢ ၂▢ ၃▢ | | | | ပညာရေး ▢ ငွေကြေး ▢<br>ကျန်းမာရေး ▢ ဘာသာရေး ▢<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး▢<br>လုံခြုံရေးနှင့်ကာကွယ်ရေး ▢ | ကောင်း ▢<br>သင့် ▢<br>ညံ့ ▢ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ ကျုံပဒီကျေးရွာတွင် လူထုအခြေပြုလူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများအနေဖြင့် ငွေစုငွေချေးအဖွဲ့၊ လူငယ်အဖွဲ့များသည် ကျေးရွာတွင်အားကောင်းသောအဖွဲ့များဖြစ်ကြပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅)     ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၁၅** | **၂၃** | **၆၄** | **၃၈** |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊ စိန်ခေါ်မှုနှင့်အခြား)။** ။လယ်ယာမြေပိုင်ဆိုင်မှုနည်းပါးခြင်း၊ အဆင်မပြေသောအိမ်ထောင်စုများပြားခြင်း၊ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှုများမရှိခြင်း၊ အဓိကစီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အိမ်ထောင်စုများနည်းပါးခြင်းစသည့်အချက်များကို လေ့လာတွေ့ရှိရပါသည်။ လယ်ယာမြေပိုင်ဆိုင်သူများတွင်လည်း မိုးသီးနှံ၊ ဆောင်းသီးနှံ၊ နွေစပါးများကိုလည်း သီးထပ်အဖြစ်လည်ပတ်လုပ်ကိုင်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၂၁ | ဆင်းရဲသားတောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၂၂ | တောင်သူငယ် |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၂၂ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၂၄ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | ၆ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၁၄၀ | ☐ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့်အခြား) ။** ။ မြေယာမဲ့ပိုင်ဆိုင်မှုနည်းပါးခြင်း၊ တောင်သူဦးကြီးအရေအတွက်နည်းပါးခြင်းစသည့် အချက်များကိုတွေ့ရှိရပါသည်။

## (၄.၂.၂) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၇) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့် ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| မိုးစပါး | ၃၀၀ | တင်း | ၅၀ | ၈၀ | ၆၀ | ဇွန် | နိုဝင်ဘာ | မြင့် ☐ လတ် ☐ နိမ့် ☐ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ဆောင်းစပါး | ၁၀၀ | တင်း | ၈၀ | ၁၀၀ | ၉၀ | နိုဝင်ဘာ | ဧပြီ | မြင့် ☐ လတ် ☐ နိမ့် ☐ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ပဲ | ၂၀၀ | တင်း | ၀.၅ | ၁၀ | ၀.၅ | နိုဝင်ဘာ | မတ် | မြင့် ☐ လတ် ☐ နိမ့် ☐ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ငရုတ် | ၁၀ | တင်း | ၂၀၀ | ၃၀၀ | ၁၀၀ | နိုဝင်ဘာ | ဇွန် | မြင့် ☐ လတ် ☐ နိမ့် ☐ | မြင့် ☐ လတ် ☐ နိမ့် ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လယ်သမားများရင်းနှီးငွေနည်းပါး၍ မြေဆီလွှာပြင်ဆင်မှုမရှိခြင်း၊ မြေသြဇာ ထည့်ဝင်နိုင်မှုမရှိခြင်းတို့ကြောင့် ၎င်းစိုက်ပျိုးနည်းပညာများလယ်သမားအားလုံး လက်လှမ်းမမီသော ကြောင့်စိုက်ပျိုးသီးနှံများအထွက်နှုန်းလျော့နည်းရပါသည်။ ဈေးကွက်သို့ရောက်ရှိရန်အတွက် ချိတ်ဆက် နိုင်မှုမရှိခြင်းတို့ကြောင့် ဈေးကောင်းမရရှိနိုင်ပါ။ ထို့ကြောင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့်နည်းပညာ များရရှိပါက ဝင်ငွေပိုမိုရရှိမည်ဖြစ်ပါသည်။ မိုးသီးနှံပေါ်ချိန်တွင် လမ်းပန်းဆက်သွယ်ရေး မကောင်းသ ဖြင့် အချိန်မီဈေးကွက်သို့မရောက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၇ | ၅၃ |
| နို့စားနွား | | |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၇၂ | ၁၆၈ |
| ကြက် | ၉၅ | ၇၁၈ |
| ဘဲ | ၂၅ | ၁၅၃ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |

| **မွေးမြူရေးနှင့်ငါးလုပ်ငန်း** | **မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု** | **ကောင်ရေ** |
|---|---|---|
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျုံပဒီကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကိုတစ်နိုင်တစ်ပိုင်သာ လုပ်ကိုင်ကြပြီး ရာသီဥတုနှင့်ရောဂါပိုးကျရောက်မှုများကြောင့် ဆုံးရှုံးမှုများဖြစ်ပေါ်လာပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးမှ စီးပွားဖြစ်မွေးမြူနိုင်ရန် နည်းပညာများပံ့ပိုးမှုရှိလျှင်မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

## (၄.၄) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| **စဉ်** | **လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု)** | **လုပ်ငန်းအရေအတွက်** | **ဝန်ထမ်း/အလုပ်သမားအရေအတွက်** | **မိသားစုဝင်လုပ်အား** | **ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်) နှင့်ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓါတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း | ၁ | ၂ | ၅ | နိမ့် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း/အလုပ်သမားအရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၁ | ၆ | ၄ | လတ် |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | | ၈ | လတ် |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် လုပ်ကိုင်သည့် အိမ်ထောင်စုများအရေအတွက် နည်းပါးသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာများနှင့် ရွာသားအများစုမှာ အလှမ်းဝေးကြသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ဇယား(၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | အိမ်မဲ | ပုသိမ် |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင် ☐ ၁၀ မှ ၁၅ မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀ မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀ မိုင် အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု(အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်။) | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☐ မီးဖိုချောင်သုံးနှင့်အိမ်သုံးပစ္စည်း ☐ အဝတ်အထည် ☐ ဆောက်လုပ်ရေးပစ္စည်းများ၊ပရိဘောဂများ ☐ ပစ္စည်းစုံဝန်ဆောင်မှုစုံရနိုင် ☐ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☐ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း ☐ အဝတ်အထည် ☐ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ☐ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင် ☐ |
| ဈေးအခြေခံအဆောက်အဦ | ကောင်း ☐ သင့် ☐ ညံ့ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဝန်ဆောင်မှု | ကောင်း ☐ သင့် ☐ ညံ့ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျုံပဒီကျေးရွာသည် အနီးဆုံးကုန်သွယ်ရာ အိမ်မဲမြို့နှင့် (၂)မိုင် ကွာဝေးပြီး ပုသိမ်မြို့နယ်နှင့် (၃၃) မိုင်ကွာဝေးပါသည်။ လယ်ယာလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။

အိမ်မဲမြို့သို့ အများအားဖြင့် စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီနှင့် ခြေကျင်ဖြင့်သာ သွားလာကြသည်။ အခြားလိုအပ်သော ပစ္စည်းများရှိပါက ပုသိမ်မြို့သို့ ဆိုင်ကယ်၊ လိုင်းကားတို့ဖြင့် သွားလာကြသည်။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်းအမျိုးအစား | အမျိုးအစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက်သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ⊟ ၂ ☐ ၃ ☐<br>၄ ☐ ၅ ☐ | ကောင်း ⊟<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ⊟ | ပွင့်လင်းရာသီ ⊟<br>တစ်နှစ်ပတ်လုံး ☐ | ၀-၁ မိုင် ⊟<br>၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက် ☐ |
| ချဉ်းကပ်လမ်း | ၁ ☐ ၂ ☐ ၃ ☐<br>၄ ☐ ၅ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက် ☐ |
| ရွာချင်းဆက်လမ်း | ၁ ⊟ ၂ ☐ ၃ ☐<br>၄ ☐ ၅ ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ⊟ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ⊟ | ပွင့်လင်းရာသီ ⊟<br>တစ်နှစ်ပတ်လုံး ☐ | ၀-၁ မိုင် ⊟<br>၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက် ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ မြေသားလမ်း-၁၊ကျောက်ခင်းလမ်း-၂၊ ကျောက်ချောလမ်း-၃၊ ကွန်ကရစ်-၄၊ ကတ္တရာလမ်း-၅။

**လေ့လာတွေ့ရှိချက်။ ။** ကျုံပဒီကျေးရွာ၏ ကျေးရွာချင်းဆက်လမ်းသည်မြေသားလမ်းဖြစ်၍ ကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်ဆောင်ရွက်ပါက ကျောင်းသား/သူများ၊ သက်ကြီးရွယ်အိုများနှင့် ကျေးရွာသူ/သားများအတွက် သွားလာရအဆင်ပြေခြင်း၊ ကျေးရွာသူ/သားများ၏ ကျန်းမာရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေးအတွက် အဆင်ပြေချောမွေ့စေမည်ဖြစ်ပါသည်။

## (၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✔ ခြစ်ပါ။)

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး(မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✔ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✔ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျုံ့ပဒီကျေးရွာတွင် ရေကြောင်းပို့ဆောင်ရေးအတွက် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းများမရှိပါ။ ကုန်းလမ်းကိုသာအဓိကထားအသုံးပြုကြပါသည်။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | လှေ၊ သမ္ဗာန် | စက် လှေ | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီး ဆိုင်ကယ် | ထော် လာဂျီ | ကား | မြင်း လှည်း | နွား လှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၈ | - | ၁၂၆ | ၃၃ | - | ၄ | - | - | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျုံ့ပဒီကျေးရွာတွင် နွေရာသီနှင့် ဆောင်းရာသီတို့တွင် ကုန်းလမ်းဖြင့် သွားလာနိုင်ပြီး၊ မိုးရာသီတွင် ရေလမ်းဖြင့်သွားလာကြပါသည်။ ကုန်စည်စီးဆင်းမှုတွင် ကုန်းလမ်းကိုသာ အများဆုံး အသုံးပြုဆောင်ရွက်ကြပါသည်။ မိုးရာသီတွင် ခြေလျင်ဖြင့်သာအများဆုံး သွားလာကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| ဆိုလာစနစ် | ၄၆ | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| အသေးစားရေအားလျှပ်စစ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| ဒီဇယ်သုံးအင်ဂျင် | | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| လေစွမ်းအင် | | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| ဇီဝလောင်စာ | | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်း မပြုနိုင်သောလျှပ်စစ်ဓာတ်အား ပေးစနစ် | ၉၄ | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | | ☐ | ☐ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** ကျုံပဒီကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲမှုမရှိပါ။ မဟာဓါတ်အားလိုင်းရရှိပါက ကျောင်းသား/သူများအနေဖြင့် စာကျက်ရာတွင်အဆင်ပြေမည်ဖြစ်ပါသည်။ ကျေးရွာသူ/သားများ အတွက်လည်းသွားလာရအဆင်ပြေမည်ဖြစ်ပါသည်။ လျှပ်စစ်မီးရရှိပါက ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ဘာသာရေးများအတွက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၁၃၀ | ၅၀ | ၅၉ |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျုံပဒီကျေးရွာသည် မြို့နှင့်နီးသောကျေးရွာဖြစ်၍ ဖုန်းလိုင်းအားလုံးဖြင့် လွယ်ကူစွာဆက်သွယ်ရေးများတိုးတက်လာပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတတ်နှုန်း

ဇယား (၁၆) ကျောင်းတတ်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၄ | ၄၁ | ၆၅ |
| အလယ်တန်း | ၃၈ | ၂၇ | ၆၅ |
| အထက်တန်း | ၄ | ၁၄ | ၁၈ |
| တက္ကသိုလ်/ကောလိပ် | ၄ | ၉ | ၁၃ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်/ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **'ဘုန်းကြီးကျောင်းသင်ပညာရေး'** ကို သင်ယူဆည်းပူး **သတ်မှတ်ချက်များနှင့်အညီ** သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျုံပဒီကျေးရွာ၏ လက်ရှိမူလတန်းတက်ရောက်နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် ကျောင်းသား/သူ အရေအတွက်မှာ (၆၅) ဦး၊ အလယ်တန်းပညာသင်ကြားသူဦးရေ စုစုပေါင်း (၆၅) ဦး၊ အထက်တန်းပညာသင်ကြားသူဦးရေ စုစုပေါင်း (၁၈) ဦး၊ တက္ကသိုလ်တက်ရောက်သူမှာ (၁၃) ဦးသာရှိပါသည်။ ပညာရေးအဆင့်အတန်းတိုးတက်လာပါက ကျေးရွာတွင်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **ခ။** ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။**စာသင်ကျောင်း၏စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ) | ၃၀ ' × ၆၀ ' | | | | | | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း ☑ သင့် ☐ ညံ့ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ | | |
| စ။ ကျောင်းသုံးပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည် ☑<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☑ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☑ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| ဈ။ ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | - | ၅ | ၅ | | | | | | |
| ကျေးရွာခန့် | - | - | - | | | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား×အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။ ။** ကျုံပဒီကျေးရွာရှိ ကျောင်းဆောင်အကျယ်အဝန်းမှာ (၇၀'×၃၀') ရှိပြီး ကျောင်းတွင်းတွင် ကျောင်းသုံးပရိဘောဂ လုံလောက်မှုရှိပါသည်။ ကျောင်းအုပ်ဆရာမကြီး (၁) ဦးနှင့် ဆရာမ (၄) ဦးတို့ရှိပြီး ပါသည်။ ကျောင်းတွင် အာဟာရတိုက်ကျွေးမှုများမှလည်း ဆရာမများမှ ဖြစ်စေ တိုက်ကျွေးဖြစ်ပါသည်။ ကျောင်းသားမိဘများမှလည်း (၁) ဦးချင်း (၄) ဦးတစ်ဖွဲ့အဖြစ်လည်း အာဟာရ တိုက်ကျွေးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ဌက်ဖျား | မြင့် ☐ နိမ့် ☐ မရှိ ☑ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | HIV,AIDS,လိင်မှတစ်ဆင့်ကူးစက်နိုင်သော ရောဂါများ | မြင့် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | တီဘီ | မြင့် ☐ နိမ့် ☑ မရှိ ☐ |
| ၇ | ဆီးချို | မြင့် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | သွေးတိုး | မြင့် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | အသဲရောဂါ (ဘီ၊ စီ) | မြင့် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | အခြားကူးစက်နိုင်သော ရောဂါများ | မြင့် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက် ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျုံ့ပဒီကျေးရွာတွင် အဖြစ်များသောရောဂါအနည်းအကျဉ်းဖြစ်ပြီး ကူးစက်ရောဂါများဖြစ်ပွားမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုပ်ရောဂါ | | ✔ |
| ၂ | ဆုံဆို့ကြက်ညှာ၊မေးခိုင်နှင့် အသည်းရောင်အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | | ✔ |
| ၄ | မေးခိုင်(ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✔ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✔ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျုံ့ပဒီကျေးရွာတွင်နှစ်စဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းနှင့် အာဟာရအတွက် ပညာပေးခြင်း၊ တိုင်းတာခြင်းများပြုလုပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး(မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ ☐<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး(မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| တိုက်နယ်ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ်ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီးအနားတွင် ဆေးဆိုင်ရှိသည် ☐<br>ရွာတွင် (သို့မဟုတ်) ရွာအနီးအနားတွင် ဆေးဆိုင်ရှိသည် ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျသိုလှောင်ထားသည် ☐<br>ဆေးဆိုင်တွင်ဆေးဝါးများကိုစနစ်တကျသိုလှောင်ထားခြင်းမရှိပါ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။** ကျုံပဒီကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသဖြင့် ကျေးရွာအတွက် အရေးပေါ်လိုအပ်ချက်ရှိပါက အဆင်ပြေစေနိုင်ရန် ကျေးလက်ဆေးပေးခန်းတစ်ခုကို လိုလားနေကြပါသည်။ အိမ်မဲပြည်သူ့ဆေးရုံးသို့လည်း သွားရောက်ဆေးကုသမှုခံယူလေ့ရှိကြောင်း သိရှိရပါသည်။

**(၇.၄) ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

**(၇.၄.၁) သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိမှု

| **ရေရရှိနိုင်မှု** | **အသုံးပြုသော အိမ်ထောင်စု** | **သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု** (စနစ်တကျစမ်းသပ်စစ်ဆေးထားမှု ရှိပါက 'ရှိ'၊ မရှိပါက 'မရှိ') | **ရေ အရည်အသွေး** (သောက်သုံးရေအရည်အသွေးစမ်းသပ်စစ်ဆေးထားမှုတွင် 'ရှိ' ဟု ဖြေဆိုထားပါက ဖြေဆိုရန်။ 'မရှိ' ဟုဖြေဆိုထားပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိနိုင်မှုနှင့်လုံလောက်မှု အခြေအနေ** (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၇ | ရှိ ☑ မရှိ ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/ စက်တပ် | | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ တုံကင် | ၆၃ | ရှိ ☑ မရှိ ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| မိုးရေ သိုလှောင်ကန် | | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။ ။** ကျုံပဒီကျေးရွာတွင် တိုကင်၊ အဝီစိတွင်းသုံးစွဲသည့် အိမ်ထောင်စုများပြားပါသည်။ သောက်ရေကိုတွင်းရေ၊မိုးရေအသုံးပြုပြီးကျောင်းသား/သူများက ကျောင်းအတွင်းရှိမိုးရေလှောင်ကိုသောက်သုံးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၂၂) အိမ်သာအမျိုးအစား

| **သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား** | **သုံးစွဲနိုင်သော အိမ်ထောင်စု** |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၂၃ |
| ရေလောင်း/ ယင်လုံအိမ်သာ | ၁၁၇ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။** ကျုံပဒီကျေးရွာတွင် ရေလောင်းယင်လုံအိမ်သာ (၁၁၇) လုံး၊ ရေဆွဲအိမ်သာ (၂၃) လုံးဖြင့် ကျန်းမာရေးနှင့်ကိုက်ညီအောင်သုံးစွဲလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၈) ဘေးအန္တရာယ်ထိခိုက်မှု အခြေအနေများ**

ဇယား(၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များအခြေအနေ

| **စဉ်** | **ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ⊟ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ⊟ မရှိ ☐ |

| စဉ် | **ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ)** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ⊟ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၆ | တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျုံပြဒီကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှု၊ ရေကြီးခြင်းတို့ အနည်းငယ်ရှိပါသည်။

### (၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| **အခြေအနေ** | **အခက်အခဲ** | **အန္တရာယ်ရှိမှု**<br>(အခက်အခဲ **'ရှိ'** ဟု ဖြေဆိုထားပါက ဖြေဆိုရန်။ **'မရှိ'** ဟု ဖြေဆိုထားပါက **ဖြေရန်မလို။**) |
|---|---|---|
| မြေဆီလွှာ အခြေအနေ | ရှိ ☐ မရှိပါ ☑ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| အပင်မျိုးစိတ်များ | ရှိ ☐ မရှိပါ ☑ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | ရှိ ☑ မရှိပါ ☐ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ရေအရင်းအမြစ် | ရှိ ☑ မရှိပါ ☐ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ငါးမျိုးကွဲများ | ရှိ ☐ မရှိပါ ☑ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | ရှိ ☐ မရှိပါ ☑ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | ရှိ ☐ မရှိပါ ☑ | မြင့် ☐ လတ် ☐ နိမ့် ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျုံပြဒီကျေးရွာတွင် ယခင်နှစ်များကဲ့သို့ ထူးခြားစွာအခက်အခဲမရှိကြောင်း တွေ့ရှိရသည်။ ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှုသည် နှစ်စဉ်ပျက်စီးဆုံးရှုံးမှုတိုင်အောင် ပျက်စီးမှု မရှိသေးကြောင်း တွေ့ရှိရပါသည်။

**(၁၀) ကျား-မ ရေးရာ**

ဇယား (၂၅) ကျား-မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သောအချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူ များမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ▢ | မရှိ ⊟ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများ တွင်အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ ▢ | မရှိ ⊟ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ▢ | မရှိ ⊟ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိ အမြင်ရှိမှု | ရှိ ▢ | မရှိ ⊟ |

ရင်းမြစ် … (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျုံပဒီကျေးရွာတွင် စီမံအုပ်ချုပ်မှုနှင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ လွန်ခဲ့သောနှစ်အတွင်းက အမျိုးသမီးအကြမ်းဖက်မှုများမတွေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။